# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 8 , 2023 Volume 72, Number 6

၈.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၆၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၈၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၂.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

### အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်နယ်စပ်ဖြတ်ကျော်ပေးချေမှုများအတွက် နှစ်နိုင်ငံသုံး ငွေကြေးအသုံးပြုမှုနှင့်ပတ်သက်၍ ရုရှားနှင့်မြန်မာဆွေးနွေး



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့(Ross–Congress Investments Fund) မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံငွေကြေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ရုရှား–မြန်မာနှစ်နိုင်ငံအကြား နိုင်ငံသုံးငွေကြေးနှင့် ကုန်စည်များ သို့မဟုတ် ငွေကြေးပုံစံနှစ်မျိုးဖြင့်အသုံးပြုနိုင်သည့် ကုန်စည်များချိတ်ဆက်ပြီး ငွေကြေးတန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအပြန်အလှန် ပူးတွဲအဖွဲ့ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်ပေးချေမှုများအတွက် နှစ်နိုင်ငံသုံး ငွေကြေးအသုံးပြုမှုကို မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။


ထို့ပြင် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးပြုလုပ်သည့် နိုင်ငံများ၏ ကုန်သွယ်မှုပေါ်မူတည်ပြီး ကုန်စည်များအစုအဖွဲ့မှ ပိုမိုတိုးတက်သော ဒီဂျစ်တယ်ငွေရေးကြေးရေးပိုင်းဆိုင်ရာ ရယူပိုင်ခွင့် Digital Finicial Accept တစ်ခုသတ်မှတ်၍ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်သွားနိုင်ရေးအတွက် နှစ်ဖက်ပူးတွဲလုပ်ငန်းအဖွဲ့မှ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရုရှားနိုင်ငံဗဟိုဘဏ်တို့၏ ဦးဆောင်မှုဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ ရွေးချယ်ထားသည့် FBB Bank နှင့် ဗဟိုဘဏ်ဘက်မှရွေးချယ်မည့် နိုင်ငံပိုင်ပုဂ္ဂလိဘဏ်များမှ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ငွေပေးချေမှုရပ်ဝန်း ပိုမိုကျယ်ပြန့်စေရေးအတွက် ယွမ်-ကျပ်၊ ဘတ်-ကျပ်၊ ရူးပီး- ကျပ် တိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်ထားပြီး ယခုအခါ ရုရှားနိုင်ငံနှင့် ရူဘယ်-ကျပ် ပေးချေနိုင်ရေး ဆက်လက်ဆောင်ရွက်နေပြီး မြန်မာ-ရုရှား တိုက်ရိုက်ငွေပေးချေမှုကို ပြည်တွင်းရှိ မည်သည့်ဘဏ်မှမဆို ဆောင်ရွက်နိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=136721

## နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း (၃) ခုအတွက် တရုတ်-မြန်မာ သဘောတူစာချုပ်ချုပ်ဆို




POWERCHINA Resources Ltd နှင့် မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့အကြား နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ထုတ်ပြန်ထားသည်။

ယင်းစီမံကိန်းသည် ကြီးအုံကြီးဝ၊ ကင်းတားနှင့်စေတုတ္တရာ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၃) ခုအတွက် လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုခြင်းဖြစ်ပြီး နိုဝင်ဘာလ (၇) ရက်က နေပြည်တော်တွင် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၃)ခုသည် မြန်မာနိုင်ငံ မကွေးတိုင်းနှင့် မန္တလေးတိုင်းတွင်တည်ရှိပြီး စုစုပေါင်း စက်တပ်အင်အားမှာ ၉၀ မဂ္ဂါဝပ်ဖြစ်ကာ အဆိုပါဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်ပေးမည်ဖြစ်သည်။

တရုတ်-မြန်မာ လျှပ်စစ်ဓာတ်အားပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဖော်ဆောင်ကာ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ဆောင်မှုပေး၍ မြန်မာပြည်သူများအတွက် ပိုများသည့် အကျိုးစီးပွားများ သယ်ဆောင်လာမည့်သဘောထားကို အဆိုပါ သဘောတူလက်မှတ်ရေးထိုးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

သံအမတ်ကြီး Mr. Chen Hai က ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့်လည်းတွေ့ဆုံ၍ တတိယအကြိမ် "Belt and Road" နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုထိပ်သီးဖိုရမ် သဘောတူညီချက်ရလဒ်များကို အကောင်အထည်ဖော်ဆောင်ရေး၊ တရုတ်-မြန်မာလျှပ်စစ်ဓာတ်အား အပြန်အလှန်ချိတ်ဆက်မှုဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ၏ "လျှပ်စစ်လိုအပ်ချက်" ကို ကူညီဖြေရှင်းပေးရေး၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်မှုအတွက် အာမခံချက်ပေးရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai ၊ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် စီမံကိန်းကုမ္ပဏီ အထွေထွေမန်နေဂျာ Mr. Jiang Xingcheng တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=136721

## မကွေးကုန်စည်ဒိုင်၌ တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော နှမ်းနှင့်ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်




မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးကုန်စည်ဒိုင်သို့ မကွေးမြို့နယ်အတွင်းရှိကျေးရွာများနှင့် ရေနံချောင်း၊ နတ်မောက်၊ မင်းဘူးမြို့နယ်များအတွင်းရှိ ကျေးရွာများမှ နှမ်းနှင့်ပဲမျိုးစုံသီးနှံများကို လာရောက်ရောင်းချကြကြောင်း သိရသည်။

မကွေးကုန်စည်ဒိုင်၌ အောက်တိုဘာလ (နောက်ဆုံးပတ်)တွင် ဖြစ်ပေါ်နေသော နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းဖြူတစ်တင်းလျှင် ၁၃၀,၀၅၀ ကျပ်နှုန်းဖြင့် (၁) ရက်လျှင် အိတ်ရေ (၄၀၀)ခန့်၊ နှမ်းနီတစ်တင်းလျှင် (၁၀၈,၀၀၀) ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၂၄၀)ခန့်၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် (၁၁၈,၀၅၀)ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၄၀၀)ခန့်၊ နှမ်းညိုကြား တစ်တင်းလျှင် (၁၀၂,၀၀၀) ကျပ်နှုန်းဖြင့် (၁) ရက်လျှင် အိတ်ရေ (၁၀၀)ခန့်၊ နှမ်းနက်(ရိုးရိုး) တစ်တင်းလျှင် (၁၀၆,၉၅၀) ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ(၁၂၀)ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အောက်တိုဘာလ (တတိယပတ်)နှင့် နှိုင်းယှဉ်ပါက အောက်တိုဘာလ(နောက်ဆုံးပတ်)တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် (၃,၁၅၀) နှင့် နှမ်းနက်(စမုံ)တစ်တင်းလျှင် ကျပ်(၁၀၅၀)ဖြင့် အသီးသီးဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ နှမ်းနီမှာ ကျပ်(၁,၉၅၀) ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပြီး နှမ်းညိုကြားနှင့်နှမ်းနက်(ရိုးရိုး)မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ ပဲဈေးနှုန်းများ အနေဖြင့် ပဲတီစိမ်းတစ်တင်းလျှင် (၅၉,၀၀၀) ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၄၀၀) အိတ်ခန့်၊ ကုလားပဲ(HL) တစ်တင်းလျှင် (၈၇,၉၇၀) ကျပ်နှုန်းဖြင့် (၁)ရက် လျှင် အိတ်ရေ (၁၄၀)အိတ်ခန့်၊ ကုလားပဲ(929) တစ်တင်းလျှင် (၈၈,၇၃၀) ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၆၀)အိတ်ခန့်၊ ပဲကြီးဖြူတစ်တင်းလျှင် (၁၀၆,၉၇၀) ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၁၀၀) အိတ်ခန့်၊ ပဲကြီးမည်းတစ်တင်းလျှင် (၈၅,၀၂၅)ကျပ်နှုန်းဖြင့် (၁) ရက်လျှင် အိတ်ရေ (၄၀)အိတ်ခန့်၊ မတ်ပဲတစ်တင်းလျှင် (၉၁,၀၀၀)ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၄၀)အိတ်ခန့်၊ မြေပဲဆန် (အနိမ့်စ) တစ်တင်းလျှင် (၅၈၅၀၀)ကျပ်နှုန်းဖြင့် (၁)ရက်လျှင် အိတ်ရေ (၄၀၀)အိတ်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာလ(တတိယပတ်)နှင့် နှိုင်းယှဉ်ပါက အောက်တိုဘာလ(စတုတ္ထပတ်)တွင် ပဲတီစိမ်း၊ ကုလားပဲ(HL)၊ ကုလားပဲ (929)၊ ပဲကြီးဖြူ၊ ပဲကြီးမည်းတို့မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး မတ်ပဲမှာကျပ် (၃,၀၀၀) ဈေးနှုန်းမြင့်တက်ခဲ့၍ မြေပဲဆန် (အနိမ့်စ)မှာ ကျပ်(၆၀၀၀)ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ နှမ်းတင်ပို့မှုအနေဖြင့် မကွေးမှမန္တလေးသို့ နှမ်း (၅,၀၀၀) အိတ်နှင့် ရန်ကုန်သို့ နှမ်း (၁,၃၀၀) အိတ်၊ စုစုပေါင်းနှမ်း (၆,၃၀၀) အိတ်၊ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် မန္တလေးသို့ မြေပဲ (၁၀၀၀)အိတ်၊ ကုလားပဲ(၁,၅၀၀)အိတ်၊ ပဲတီစိမ်း(၁,၀၀၀)အိတ်နှင့် ရန်ကုန်သို့ မြေပဲ(၁,၀၀၀)အိတ်၊ ကုလားပဲ (၅၀၀)အိတ်၊ ပဲတီစိမ်း(၁၀၀၀)အိတ်၊ စုစုပေါင်း(၆၀၀၀)အိတ်တင်ပို့ခဲ့ကြောင်း မကွေးကုန်စည်ဒိုင်မှ သိရသည်။

**Source: DOCA (မကွေး)**

## ထိုင်းနိုင်ငံ၌ ရွှေ့ပြောင်းအလုပ်သမားများ၏ ဗီဇာလျှောက်ထားမှုကောက်ခံကြေးကို ဘတ် ၅၀၀ သို့ လျှော့ချသတ်မှတ်

ထိုင်းနိုင်ငံ၌ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့်ဗီယက်နမ်တို့မှ ရွှေ့ပြောင်းအလုပ်သမားများ၏ ဗီဇာလျှောက်ထားမှုနှင့် သက်တမ်းတိုးဆောင်ရွက်ခြင်းအတွက် ကောက်ခံသည့်နှုန်းကို စနေနေ့ (၁၁-၁၁-

၂၀၂၃) ရက်နေ့မှစ၍ ဘတ် ၅၀၀ သို့ လျှော့ချသတ်မှတ်လိုက်ကြောင်း အလုပ်အကိုင်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr.Somchai Morakotsriwan ကပြောကြားခဲ့ပါသည်။

အလုပ်သမားဝန်ကြီးဌာနက နှုန်းထားပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ အောက်တိုဘာလ ၂၇ ရက်စွဲပါ တော်ဝင်အမိန့်စာဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်၍ ၄ နှစ်ကြာ အကျုံးဝင်မည်ဖြစ်ကြောင်း၊ နားလည်မှု စာချွန်လွှာဖြင့် လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာ၊ လာအိုနှင့်ကမ္ဘောဒီးယားတို့အပေါ် ပြောင်းလဲကောက်ခံရန် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး Mr. Pipat Ratchakitprakarn က အဆိုပြုတင်ပြခဲ့ခြင်းအပေါ် အောက်တိုဘာလ ၃ ရက်နေ့ အစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ကြောင့်ဖြစ်ပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့ပါသည်။

နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ ဗီဇာကောက်ခံကြေးသည် ယခင် ဘတ် ၂,၀၀၀ မှ ဘတ် ၅၀၀ နှင့် သက်တမ်းတိုး ကောက်ခံကြေးသည် ယခင် ဘတ် ၁,၉၀၀ မှ ဘတ် ၅၀၀ သို့ အသီးသီးလျှော့ချသတ်မှတ်လိုက်ပြီး ၂ နှစ်ကြာ အကျုံးဝင်မည် ဖြစ်ကြောင်း၊ ကောက်ခံကြေးလျှော့ချရခြင်းမှာ အလုပ်သမားများ၏ ကုန်ကျစရိတ်လျှော့ချစေရန်နှင့် စီးပွားရေးပြန်လည် ထူထောင်ရာတွင် ကူညီပေးရန်ရည်ရွယ်ပါကြောင်း Mr. Somchai က ဖြည့်စွက်ပြောကြားပါသည်။

**Source: www.bangkokpost. gov**

**(ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

## ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၊ Ba Dinh ခရိုင်ရှိ Thang Long သမိုင်းဝင်နေရာတွင် "၂၀၂၃ ခုနှစ်၊ ဗီယက်နမ်ရိုးရာလက်မှုပညာများ ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်" အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ ( ၄ ) ရက်ကြာ ကျင်းပပြုလုပ်မည်

ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၊ Ba Dinh ခရိုင်ရှိ Thang Long သမိုင်းဝင် နေရာတွင် "**၂၀၂၃** ခုနှစ်၊ ဗီယက်နမ် ရိုးရာလက်မှုပညာများ ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်" အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၂ ရက်နေ့ အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပွဲတော်အား ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုဖလှယ်မှု ကိုမြှင့်တင်ရန်၊ နိုင်ငံများအကြား လက်မှုပညာဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများ၏ လက်မှုပညာပစ္စည်းများ ပါဝင်ပြသရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ ဗီယက်နမ်ရိုးရာလက်မှုပညာများ ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်သို့ ပါဝင်တက်ရောက် ပြသ လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ အချက်အလက်များအား မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဌာနခွဲ၏ ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၈၆၂၂ နှင့် Email: event.td. myantrade@gmail.com တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ် ပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**Source: ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

## ယခုနှစ်ပထမ ၁၀ လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု သုည ဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်



ယခုနှစ် ပထမ ၁၀ လတာကာလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်း ကုန်ပစ္စည်းတင်သွင်းခြင်းနှင့် တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၀၃ ရာခိုင်နှုန်း တိုးလာကာ ဝင်ငွေအားဖြင့် ယွမ် ၃၄ ဒသမ ၃၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈ ထရီလီယံခန့်) ရှိကြောင်း နိုဝင်ဘာလ ၇ ရက်တွင်ဖော်ပြသည့် တရားဝင်အချက် အလက်များအရ သိရသည်။

ပို့ကုန်တင်ပို့မှုတန်ဖိုးသည် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယွမ် ၁၉ ဒသမ ၅၅ ထရီလီယံရှိခဲ့ကာ တစ်နှစ်ထက် တစ်နှစ် သုည ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး သွင်းကုန်တန်ဖိုးမှာ ယွမ် ၁၄ ဒသမ ၇၇ ထရီလီယံသို့မဟုတ် ယခင်နှစ်ကထက် သုည ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း အကောက်ခွန်ဌာနမှ သိရသည်။

အောက်တိုဘာလ တစ်လအတွင်းမှာပင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယွမ် ၃ ဒသမ ၅၄ ထရီလီယံ ရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံ၏ အောက်တိုဘာလအတွင်း ပို့ကုန်သည် ယခင်လကထက် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ပထမ ၁၀ လတွင် အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)သည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေသည်။ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ယွမ် ၅ ဒသမ ၂၃ ထရီလီယံ အထိမြင့်တက်ခဲ့ပြီး နိုင်ငံ၏စုစုပေါင်းကုန်သွယ်မှုတန်ဖိုးသည် ၁၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း တရုတ်နှင့်ဥရောပသမဂ္ဂတို့၏ ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းသွားပြီး အမေရိကန်နှင့်ကုန်သွယ်မှုမှာလည်း ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ စက်ပစ္စည်းနှင့်အီလက်ထရွန်နစ်ထုတ်ကုန်များ တင်ပို့မှုသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်လာပြီး မော်တော်ကားတင်ပို့မှုတန်ဖိုးသည်လည်း လွန်ခဲ့သည့်နှစ်ကထက် ၈၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**Source: ဆင်ဟွာ**

**ကြေးမုံသတင်းစာ**

## STOCK EXCHANGE (8.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Nov, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,747 (Shares) | 11,456,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 245 | 2,131,500 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 3,000 | 2,850 | 2,752 | 7,966,250 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,600 | 398 | 640,250 | 29,664,613 | 50,430 |
| TMH | 00005 | 2,550 | +100 | +4.08% | 2,550 | 2,550 | 2,550 | 1 | 2,550 | 12,823,224 | 32,699 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 345 | 690,000 | 19,977,223 | 39,954 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,800 | 5 | 24,400 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 1 | 1,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 8th Nov, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.72 | +0.44 | +0.12% | 369.28 | 372.25 | 368.49 | 3,747 | 11,456,700 | 8 | 697,350 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 3,747 (Shares) | 11,456,700 (MMK) |

## Main Board

As of 1:00 pm, 8th Nov. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,747 (Shares) | 11,456,700 (MMK) |

| MYANPIX | 369.72 ▲ 0.44 |
|---|---|
| Total Volume (shares) | 3,747 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 697,350 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,550 | ▲ 100 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR